**စီတင်း** န၊ <si tin:> 〔汉〕 牌九的七点，分： ~ ဖြောင့်၊ ~ ချွန်း（六点白，一点红的牌），~ ကောက်（四点红三点白的牌）等

**စီတန့်** ကၤ <si tan'>（诗）排列

**စီတန်း** က၊ <si tan:> 排列，列队： လမ်းတဖက်တချက်တွင်မိုးမခပင်များကို ~ လျက်စိုက်ထား၏။ 路两旁整齐地栽着柳树。/ ~ လှည့်လည်သည်။ 游行。

**စီတပ်** က၊ <si tat> 镶嵌：ဓားအရိုးကိုကျောက်မျက်ရတနာများ ~ ထား၏။ 刀柄上镶嵌着宝石。

**စီနီမာ** န၊ <si ni ma> [英 cinema] 电影院

**စီနစ်** က၊ <si nit>（古） ＝စီခြယ်

**စီဖန်** က၊ <si phan>（古）安排

**စီဘီတွဲ** န၊ <si bi twe:> 驳船

**စီမံ** က၊ <si man> ①镶嵌：ဘယက်တွင်ရတနာအမျိုးမျိုး ~ ထား၏။ 璎珞上镶着各种珍宝。②安排，布置；治理，计划：ဝန်ကြီးချုပ်သည်ပြည်ရေးပြည်ရာ ~ ခန့်ခွဲသည်။ 总理处理国家事务。/ ~ အုပ်ချုပ်သည်။ 管理。/ ~ ခန့်ခွဲသူ 管理人员

**စီမံကိန်း** န၊ <si man gein:> 计划，规划： ~ သီးနှံများ 计划作物 / ~ လုပ်ငန်း 计划工程 / ~ စီးပွါးရေး 计划经济

**စီမံချက်** န၊ <si man gyet>（书面的）安排，计划

**စီမြောင် / စီမြှောင်** က၊ <si hmyaun>（古）镶嵌点缀

**စီမြွ** က၊ <si mwa>（古）镶嵌，点缀，装点：ကျောက်မျက်ရတနာ ~ ထားသောလက်စွပ် 镶着宝石的戒指

**စီယ** န၊ <si ya'> 一种印度重量单位，一个စီယ等于十六个စိတက်，等于八十个 တိုလာ，参见 တိုလာ 条

**စီယဉ်နာ** န၊ <si yin na>【医】一种皮肤病

**စီရရီ** ကဝ၊ <si y-yi/si r-yi> 成排，成堆：ပိတောက်ပန်းတို့သည် ~ ဖူးပွင့်နေကြသည်။ 紫檀花开满树。/ ~ ဖြာရရာညီညာစွာပေါက်နေသောမိုးမခပင်များ 成排的柳树

**စီရီသား** န၊ <si yi tha:> 古时若开王的挑水夫

**စီရင်** က၊ <si yin> ①判决： ~ ချက် 判决书，判决 / ~ ဆုံးဖြတ်သည်။ 判决，决定。/ ~ ထုံး 判决案例 / ~ ပိုင်ခွင့်အာဏာ 司法权，判决权 ②处决，杀死：ဓားပြများကိုပရိသတ်ရှေ့တွင်ပင် ~ ပစ်လိုက်သည်။ 当众处决匪徒。/ အဆုံး ~ သည်။ 处死。③管理，治理： ~ အုပ်ချုပ်ရေး 施政，治理，管理 / ~ ခန့်ခွဲ 布置，分配 ④办理；配制： ~ ခင်း 该办的事情 / ~ ခင်း ~ ဖွယ် 该办的事情 / ဆေးဝါးများကိုတိုင်းရင်းနည်းဖြင့် ~ ဖော်စပ်ထားသည်။ 用土法配制成药 ⑤使唤，命令，指挥：စစ်ထွက်ရာတွင်တပ်မှူး ~ သည်ကိုနာခံရ၏။ 出征时要听从指挥官的指挥。⑥变幻，创造

**စီရင်ကျည်** က၊ <si yin kyi>（古）毁坏

**စီရင်စု** န၊ <si yin zu'> 古行政区域，相当于县，后称为ခရိုင်

**စီရင်ထုံး** န၊ <si yin hton:> 老规矩，法规，旧规章

**စီရင်ထုံးမြိတ်** က၊ <si yin hton: myeit> ①（罕）定法规 ②办理

**စီရပ်** န၊ <si yat> ①站队地点 ②【军】集合开拔地点，出发地

**စီလကျွက်မာလကျွက်** ကဝ၊ <si l-kywet ma l-kywet> 吵闹

**စီလာရီယက်ရွက်** န၊ <si la ri yet ywet> [英·缅 Celeriae＋ရွက်]【植】块根芹 Apiam graveslens, var, Rapaceum (celeriac)

**စီလောင်** က၊ <si laun> 吵闹，嘈杂：ဤကလေးအလွန် ~ သည်။ 这孩子很闹人。

**စီလောင်မာလောင်** ကဝ၊ <si laun ma laun> 吵闹：သူတို့နှစ်ယောက်သည် ~ ရန်ဖြစ်နေသည်။ 他们两个人吵架吵得很厉害。

**စီလျဉ်** က၊ <si lyin>（诗）前后有联系

**စီဝရက္ခာ** န၊ <si w-ret kha> ＝စီဝရက္ခန်

**စီဝရက္ခန်** န၊ <si w-ret khan> 一种深红色宝石，也写作 စီဝရလက္ခဏာ၊ စီဝရက္ခာ

**စီသ** က၊ <si tha'> 写作：ဝေါဟာရကလဲပလီ၊ ~ ပုံကလည်းနုလှသည်။ 词藻华丽，笔法细腻。

**စီသွတ်** န၊ <si thut> 马生的一种病

**စီး** I က၊ <si:> ①骑（马、象、自行车等），乘，坐（船、车、飞机等），（荡秋千）：ဆင် ~ သည်။ 骑象。/ တယောက် ~ လေယာဉ် 单人飞机 / မိန်းမ ~ စက်ဘီး 女式自行车 / ကလေး ~ စက်ဘီး 儿童自行车 / ဒန်းလေး ~ သည်။ 荡秋千。②穿（鞋），溜（冰）：မိန်းမ ~ ဖိနပ် 女鞋 / ကလေး ~ ဖိနပ် 童鞋 / စကိတ် ~ သည်။ 溜冰、滑冰。③袭击，攻取，攻占：ရန်သူများကရွာသို့လာ ~ သည်။ 敌人袭击村庄。④踞高临下：စစ်သင်္ဘောထက်ကအမြောက်ကြီးအများနှင့် ~ ၍လွှတ်သည်။ 军舰上往下打炮。/ အိမ်ပေါ်က ~ ကြည့်သည်။ 从楼上往下看。⑤压人：မင်းတော်တော် ~ တဲ့လူပဲ။ 你这个人啊，真会压人。⑥主持，管理：ဆရာကြီးကိုယ်တိုင်အိမ်ထောင် ~ သည်။ 老先生亲自管家。⑦鬼神附身：ဘီလူး ~ သလိုခံစားမိသည်။ 犹如魔鬼附身一般。⑧并列，重叠：လမင်းသည်နက္ခတ်ကို ~ လျက်အရှေ့မျက်နှာမှထွက်လာသည်။ 月亮与星星同时从东方升起。⑨比重大，重，吃秤：အလေးချိန် ~ သည်။ 份量重。/ ငါးပိဿ ~ သောမောင်းတလုံး 五缅斤重的一面锣。⑩流动，移动：ရေ ~ သည်။ 水流。/ သွေးချောင်း ~ သည်။ 血流成河。/ လျှပ်စစ်သည်ဝါယာကြိုးကိုဖြတ်၍မြေကြီးထဲသို့ ~ ဝင်သွားသည်။ 电流通过电线传入地下。 II မ၊ <zi:> 车辆、牲畜的量词：မြင်းသုံး ~ 三匹马 / နွားလှည်းတ ~ 一辆牛车 / မြင်းရထားတ ~ 一辆马车 / ဆင်တ ~ 一头象

**စီးကရက်** န၊ <si: k-ret> [英 cigarette] 烟，香烟： ~ စွပ်တံ 香烟嘴 / ~ ဗူး 烟盒 / ~ ပြာခွက် 烟灰缸儿